# Bibliographic Data

| | | | | |
|---|---|---|---|---|
| Author | armiarmiBu; ?<br>wuov | Maung Maung Gyi ,<br>Tetkathoe | Mon‘ Mon‘ Kri" ,<br>Takkasuil‘ | Art. CU0007 |
| Article Title | uE&m u;rsK;<br>Nine kinds of Kinnara (Mythical bird)<br>Kinnara¯ kui" myui" | | | |
| Title (Book/Serial) | e0&wu;o ,<br>Nawarat Ko-thwe | | | |
| Issue and Volume | | | | |
| Edition | 2nd edition | | | |
| Place/ Publisher | py , 0; pmay<br>Sabei Oo Sarpay | | | |
| Distributor | | | | |
| Ed. Date | 1974 | | | |
| Pagination | | | | |
| Annotation | Describes the mythical birds of Myanmar: the kinnara, kinnari, male and female mythical birds and Myanmar legends about these myths.. | | | |
| Subject Terms | 1. Mythical Birds (Kinnara and Kinnari)<br>2. Kinnara<br>3. Kinnari | | | |
| Key Words | 1. Sanda Kinnari<br>2. Kinnara<br>3. Kinnari | | | |

# တက္ကသိုလ် မောင်မောင်ကြီး

## ကိန္နရာ ကိုးမျိုး

ကိန္နရာသည် ဗမာလူမျိုးတို့၏ အသဲစွဲဖြစ်သည်။ အချစ်နှင့် ပတ်သက်၍ သစ္စာတည်မြဲခြင်းကို သက်သေထူလျှင် ကိန္နရာမောင်နှံတို့ကို ဦးဦးဖျားဖျား သက်သေထူ၏။ တိရစ္ဆာန် ပင်လျှင် ဤရွေ့ဤမျှ ချစ်ခဲ့ကြသည်။ သစ္စာရှိကြသည်ဟု အမြတ်တနိုး ချီးကျူးကြသည်။ ဗမာ့ဇာတ်သဘင်များတွင်လည်း စန္ဒကိန္နရီ၊ ကိန္နရာ ချောင်းခြား စသည်တို့ကို မကြာခဏ ပြလေ့ပြထ ရှိကြသည်။ ဘုရားတန်ဆောင်း ကျောင်းစရပ် များ၌လည်း ကိန္နရာ ရုပ်လုံး ကိန္နရာရုပ်ပုံတို့ကို အဆန်းတကြယ် ထုလုပ်ရေးခြယ်ထားတတ်ကြသည်။ ဗမာစာပေတွင်မူကား သနားစရာ ဇာတ်ကွက် ကြည်နူးစရာ့ ဇာတ်အိမ်များကို ဖွဲ့နွဲ့ရမည်ဆိုလျှင် ကိန္နရာနှင့် မကင်းတော့ပေ။ တောတောင်သာယာပုံ သရုပ်ဖော်လျှင်လည်း

ကိန္နရာဖိုမတို့ကို အသက်ဝင်လာအောင် ထည့်သွင်း ဖော်ပြတတ်ကြသည်။

ကိန္နရာက ဤမျှပင် ဗမာ့အသဲ၊ ဗမာ့အနှစ် ဖြစ်ကြသည်။ ထို့ကြောင့်လည်း ဗမာ့အနုပညာ အရုပ်ရုပ်တွင် ကိန္နရာကို ခိုင်ခိုင်မာမာ သချပ်ဖော်ကြသည်၊ လက်စွမ်းပြကြသည်။

သို့ရာတွင် ဗမာ့ကိန္နရာကား ဗမာဆံသည်။ ဗမာ့အကြိုက်ဖြစ်သည်။ ကိန္နရာလောကတွင် အခြားအခြားသော လူမျိုးတို့၏ ကိန္နရာလည်းရှိသေးသည်။ ကိန္နရာမျိုး၌ပင် ကျွန်တော်တွေ့မိသမျှကိုးမျိုးရှိသည်။ သည့်ထက်မက အမျိုးအစား အရေအတွက်များ စွာပင် ပို၍ ရှိချင် ရှိပေဦးမည်။ ကျွန်တော့်စေတနာကား ဗမာ့ကိန္နရာနှင့် အခြားကိန္နရာများကို နှိုင်းယှဉ် ကြည့်စေချင်သော စေတနာမျှသာ ဖြစ်သည်။

## ကိန္နရာ့ မူရင်းနှင့် အဓိပ္ပာယ်

ကိန္နရာဟူသော အမည်နာမနှင့် ပုံပန်းသဏ္ဌာန်သည် အိန္ဒိယနိုင်ငံမှ စတင်ဖြစ်ထွန်းသည်။ ကမ္ဘာ့ အနုပညာများအနက် ထိုကိန္နရာဟူသော အိန္ဒိယနိုင်ငံ အနုပညာရပ်သည် နိုင်ငံရင်းအစစ်လော၊ နိုင်ငံခြားမှ အတုယူ နည်းမှီသလောဟု ကမ္ဘာကျော်အနုပညာသည်ကြီးများ ဝေဖန်ကြသည်။ အိန္ဒိယနိုင်ငံနှင့်သမိုင်းအရ ဆက်သွယ်ခဲ့ဘူးသော ဂရိနိုင်ငံ၊ အာရှ အနောက်နိုင်ငံအနုပညာရပ်များနှင့်ယှဉ်ကြည့်ကြသည်။ ကိန္နရာနှင့် အနီးကပ်ဆုံးတူသော ပုံပန်းရုပ်ကောင်များနှင့် အသံချင်းအနီးဆုံးတူသော Chimaeras ခေါ်သော ဗန္ဒဘ်(မျိုးစပ်) ရုပ်ကောင်များကို စဉ်းစားကြသည်။ ထိုကိမေးရ(Chimara) တို့၏ ပုံပန်းမှာ ထွက်သက်

ခင်သက်တိုင်း မီးတရှူးရှူးတရှားရှားထွက်လျက် ကိုယ်ထည်၏ ခေါင်းပိုင်းမှာ ခြင်္သေ့ကိုယ်၊ အလယ်ပိုင်း ဆိတ်ကိုယ်၊ အမြီးပိုင်းမှာ နဂါးအမြီး သုံးမျိုးစပ် ဖြစ်သော ထိတ်လန့်ကြောက်မက်ဖွယ်ရာ အကောင်ကြီးများသာ ဖြစ်သည်။ ကိန္နရာနှင့်ကား သဘောချင်း မနှိုင်းယှဉ် လောက်အောင် ဆန့်ကျင်ဘက် ဖြစ်သည်။

ထို့ကြောင့် ကိန္နရာသည် အိန္ဒိယ လက်ရာအစစ်ဖြစ်သည်ဟု ဆုံးဖြတ်ကြသည်။ အိန္ဒိယ တိုင်းရင်းသားတို့၏ ကိုးကွယ်မှုနှင့် ပင်ကိုယ်ဉာဏ်မှ ဖန်တီး ဖြစ်ပေါ်လာသော ရုပ်ကောင်များဟု မှတ်ချက်ချသည်။ ကိန္နရာသည် အိန္ဒိယနိုင်ငံ၌ပင် ဗုဒ္ဓမြတ်စွာ မပေါ်မီက အနုပညာအရုပ်ရုပ်တွင် မတွေ့မြင်ရဘူးချေ။

ဂေါတမမြတ်စွာဘုရားသခင်ပွင့်တော်မူသောခေတ်မှ ကိန္နရာဟူသော ဝေါဟာရလည်း ပေါ်ထွန်းလာသည်။ မြတ်စွာဘုရားသခင်နှင့် ခေတ်ပြိုင် ဂျိမ်းဘာသာဝင်များလည်း ကိန္နရာဟူသော ဝေါဟာရကို သုံးစွဲကြသည်။ မြတ်စွာဘုရားသခင် ဟောကြားတော်မူခဲ့သော ဒေဝလောက၊ နာဂလောက၊ ရက္ခသလောက၊ ဂန္ဓဗ္ဗလောက၊ အသုရလောက၊ ဂရုဠလောက၊ ကိန္နရလောက၊ မဟောရဂလောက ဟူသော အဆင့်အတန်း အနိမ့်အမြင့်အလိုက် သတ်မှတ်ထားသော လောကရှစ်ပါးတွင် ကိန္နရာသည် သတ္တမမြောက် အဆင့်အတန်းတွင် တည်ပေသည်။

ဂျိမ်းဘာသာဝင်တို့လည်း အဆင့်အတန်းအလိုက် လောကရှစ်ပါ သတ်မှတ်ထားရာ ထိုဗျန္တရ အရှင်များသည် ပိသာသ၊ ဘူတ၊ ယက္ခ၊ ရက္ခသ၊ ကိန္နရ၊ ကိမ္ပုရိသ၊ မဟောရဂ၊ ဂန္ဓဗ္ဗတို့ ဖြစ်သည်။ ကိန္နရာသည် ပဥ္စမအဆင့်အတန်းတွင် တည်ပေသည်။

မြတ်စွာဘုရားသခင် ပွင့်တော်မူသောခေတ်မှ ပေါ်ပေါက်ခဲ့သော ကိန္နရာသည် နောင်ခေတ်များတွင် ဗုဒ္ဓသာသနာတော်မြတ်နှင့်အတူ နိုင်ငံအသီးသီးသို့ ပျံ့နှံ့သွားရာ ဗုဒ္ဓသာသနာဝင်နိုင်ငံများသည် ကိုယ့်နိုင်ငံနှင့် အံကိုက် ဆီလျော်အောင် ကိန္နရာကို ဖန်တီးကြသည်။ ဗုဒ္ဓသာသနာ ကျမ်းဂန်တို့နှင့် ညီညွတ်၍ ကိုယ့်နိုင်ငံ ယဉ်ကျေးမှုနှင့် လိုက်ဘက်အောင် အနုပညာဘရပ် အဖြစ်ဖြင့် လက်ရာ မွန်းကြသည်။ ဤနည်းဖြင့် နိုင်ငံ အသီးသီးတွင် ကိန္နရာဟန်အမျိုးမျိုး ပေါ်ပေါက်ရပေသည်။

စင်စစ်အားဖြင့် ကိန္နရာဆိုသည်မှာ အဘိဓာန် ဋီကာတွင် 'အဿမုခ, နယသဒိသတ္တာ ဣစ္ဆိတော နရော၊ နရသဒိသ သရီရတာဝါ ကိန္နရော၊ ဧတာဒေဝ ယောနိယော' ဟု ဖွင့်သည်။ အဓိပ္ပာယ်မှာ မြင်း၏မျက်နှာနှင့်တူသော မျက်နှာရှိသည်။ လူနှင့်တူသော ကိုယ်လက်အင်္ဂါ ရှိသည်။ စိုးစဉ်းလူနှင့်တူသည်၏ အဖြစ်ကြောင့် ကိန္နရာဟူ၍ အမည် တွင်ကြောင်း။ ထိုကိန္နရာတို့သည် နတ်မျိုးဖြစ်ကြောင်းကိုဆိုသည်။ ဝိဂြိုဟ်ပြုသော ပညာရှိကြီးတို့ကမူ 'ကောအယံ ပုရိသော နရောတိ ဝိမတုပ္ပတ္တိကရဝဏ္ဏ သဏ္ဍာနတာယ ကိမ္ပုရိသော ကိန္နရော' ဟု ဝိဂြိုဟ်ပြုသည်။

အနက်ကား 'အယံ၊ ဤသည်ကား။ ကော၊ အဘယ်နည်း။ ပုရိသော၊ ယောကျ်ားလော။ နရော၊ လူလော။ ဣတိ၊ ဤသို့။ ဝိမတုပ္ပတ္တိကရ ဝဏ္ဏသဏ္ဍာနတာယ၊ ယုံမှားသံသယခြင်းကိုပြုတတ်သော အဆင်းသဏ္ဍာန်ရှိသည်၏ အဖြစ်ကြောင့်။ ကိမ္ပုရိသော၊ ကိမ္ပုရိသမည်၏။ ကိန္နရော၊ ကိန္နရာမည်၏' ဟု ဆို၏။

ထိုပါဠိတို့၏ သဘောကို အဓိပ္ပာယ်ကောက်လျှင် ကိန္နရာဆိုသည်မှာ မြင်း၏မျက်နှာ၊ လူ၏ကိုယ် ရှိပြီးလျှင် လူနှင့်တူသလိုလို

ထင်ယောင်ထင်မှား ဖြစ်ရသောကြောင့် ကိန္နရာဟုခေါ်သည်ဟု အဓိပ္ပာယ်ရသည်။ မှံရွေးဆရာတော်ဘုရားမှတ်စု၊ ပေမူ-ဂ-ကျော ချပ်တွင် 'ကိန္နရာတို့ကား မြင်း၏မျက်နှာ၊ လူ၏ကိုယ်။ လူ၏ မျက်နှာ၊ မြင်း၏ကိုယ်.. 'ဟု မှတ်သားထားသည်။ သို့ရာတွင်—

**ကိန္နရာ (၈ မျိုး)**

အဿိတိနိပါတ်၊ မဟာကုဏာလဇာတ်တွင် '(၁) ကိမ္ပုရိသ ကိန္နရာ၊ (၂) ဒေဝကိန္နရာ၊ (၃) စန္ဒကိန္နရာ၊ (၄) ဒုမကိန္နရာ၊ (၅) ဒဏ္ဍမာနဝိကကိန္နရာ၊ (၆) ကောဒ္ဒကိန္နရာ၊ (၇) သကုဏ ကိန္နရာ၊ (၈) ကဏ္ဏပါဝုရဏကိန္နရာ' ဟူ၍ ကိန္နရာ (၈)မျိုး ပြ သည်။

ကိမ္ပုရိသကိန္နရာသည် မြင်း၏မျက်နှာနှင့်တူသော မျက်နှာ၊ လူနှင့် တူသော ကိုယ်လက်အင်္ဂါရှိသော စိုးစဉ်း လူနှင့်တူသော ကိန္နရာမျိုး ဖြစ်သည်။ ထိုကိန္နရာမျိုးသည် နတ်မျိုးဖြစ်သော ကြောင့် ဒေဝကိန္နရာ ဟု ခေါ်သည်။

ဒုမကိန္နရာ၊ စန္ဒကိန္နရာတို့၏ ရုပ်သဏ္ဌာန်သည် ရွှေဖြင့် ပြီး သော ဘယက်၊ လည်မာ၊ ဒွါဒရာ၊ ခါးကြိုး၊ ခြူးမျိုးရွက်ဆိုင်း၊ သင်တိုင်း၊ နားတောင်း အစရှိသောတန်ဆာတို့ဖြင့် တင့်တယ်စွာ ဆင်ထားသော ငှက်ကိုယ်၊ လူ့ဦးခေါင်း မျက်နှာတပ်ထားသော ကိန္နရာမျိုး ဖြစ်သည်။

ဒဏ္ဍမာနဝိကကိန္နရာကို အာဋ္ဌာနာဋိယ သုတ်တွင် 'ကုဝေရ နတ်မင်းစံနေရာ အာဋ္ဌကမန္ဒာ၊ ဝိသာဏမြို့ ရေဏီရေကန်တွင် လုံတံ တောင်ငှေး စွဲကိုင်သော ဒဏ္ဍမာဏဝိက ကိန္နရာမျိုး ရှိ ကြောင်း' ဆိုသည်။

ညောင်ကန် ဆရာတော်ဘုရား စီရင်တော်မူသည့် အာဋာနာဋိယ သုတ်နိဿယတွင် 'ရွှေလုံတံ စွဲကုန်သော လူ့မျက်နှာနှင့်တူသော မျက်နှာရှိသော ငှက်တို့သည် ထိုမှဤမှ သွားလာကြကုန်၏'ဟု မိန့်တော်မူသည်။ အာဋာနာဋိယသုတ် အဋ္ဌကထာတွင် 'လူမျက်နှာရှိသော ကိန္နရာ ငှက်တို့သည် လက် ၂-ဘက်တို့ဖြင့် ရွှေလှုင်ကန် တောင်ဝှေးကို စွဲကိုင်၍ ကြာဘက် တခုကို နင်း၍ အခြားသော ကြာဘက်ကို ရွှေလှုင်ကန် တောင်ဝှေးကို ထောက်ကုန်လျက် လှည့်လည်သွားလာကုန်၏။'ဟု အနက်ပြသည်။

ကောသလ္လကိန္နရာ၊ သကုဏကိန္နရာတို့ကို သာရတ္ထ ဒီပနီဋီကာတွင် ပါဠိသိပုတ် ပြည်သား တောသွားမုဆိုးသည် ကိန္နရာကိုတောမှ ဘမ်းယူခဲ့၍ ပေါင်းဖော်ဘူးကြောင်းကို ပြသည်။ ထိုကိန္နရာမက ဉ၍ပေါက်သည့် သားအကြီး တိဿ၊ အငယ် သုမိတ္တတို့ကို ဝရဏရဟန္တာထံ တပည့်ခံ၍ ရဟန်းပြုလျှင် ရဟန္တာ ဖြစ်ကြကြောင်း ပြသည်။ ထို့ကြောင့် ကောသလ္လ ကိန္နရာ သကုဏကိန္နရာတို့သည် ငှက်မျိုးဖြစ်ကြောင်း ထင်ရှားသည်။ ကဏ္ဏပါဝုရဏကိန္နရာလည်း ငှက်မျိုးတွင်ပင် အပါအဝင် ဖြစ်သည်။

ထိုကိန္နရာ(၇)မျိုးအပြင် ၎င်းထပ်ကြီးဒါယကာ မင်းတရားလက်ထက်၊ တောင်ဘီလာ ဆရာတော် ရေးသားတော်မူသည့် ရာဇမဏိစူလာ ကျောက်စာတွင် 'အသောက မင်းကြီးသည် ကိန္နရာတို့၏ ကခြင်း သီခြင်းတို့ကို ကြည့်ရှုတော်မူ လိုသည် ဖြစ်၍ ဟိမဝန္တာတောသို့ လက်စွပ်တော်ကို လွှတ်တော်မူလျှင်၊ မင်း၏ အာဏာကြောင့် လာ၍ ကလာကုန်သော ပဉ္စကိန္နရာတို့၏ အရုပ်သဏ္ဌာန်သည် ရွှေအတိပြီးသော အမြီး အတောင်ဘယက်တန်ဆာတို့ဖြင့် ဆင်ယင်၍ က,စေ၏' ဟု လာရှိသည်။

ထို့ကြောင့် ပက္ခိကိန္နရာတို့သည်လည်း ငှက်မျိုးပင် ဖြစ်ကြောင်း သိသာသည်။

### ကိန္နရာတို့ဒေသနှင့်သက်တမ်း

ကိန္နရာတို့ရှိရာ ဒေသသည် မဇ္ဈိမဒေသ မြောက်ဘက် ဟိမဝန္တာတောနှင့် အနီးအစပ်ရှိ တောကြီးများတွင် ရှိကြောင်းကို ဘလ္လာတိယ ဇာတ်၊ တက္ကာရိယ ဇာတ်၊ အဋ္ဌသဒ္ဒ ဇာတ်၊ စန္ဒကိန္နရဇာတ်များတွင် ဆိုသည်။ ကိန္နရာတို့ သက်တမ်းမှာ အနှစ်တထောင် အသက်ရှည်ကြောင်းကို ဘလ္လာတိယ ဇာတ်တွင် ဆိုသည်။ ထိုအခါ၌ လူတို့သက်တမ်းသည် အနှစ်တရာတမ်းသာ ဖြစ်သည်။

### ကိန္နရာတို့ လူစကား ပြောမပြော

စွယ်စုံ ကျော်ထင်ကျမ်း ပုစ္ဆာ အမှတ် ၄၁၁-တွင် 'ကိန္နရာဇာတ်၊ စကားတတ်၊ ဘွင့်လတ် ဘဲ့ကြောင့်၊ မပြောသနည်း' ဟု မေးရာ ပြောခွင့်သင့်သော အရာမရောက်က ကိန္နရာတို့ စကားမပြောကြောင်းကို ဖြေသည်။

ဗာရာဏသီပြည်တွင် မုဆိုးတယောက်သည် တောလည်သွားရာ ဟိမဝန္တာသို့ရောက်၍ ကိန္နရာတို့ကိုမြင်လျှင် ဥပါယ်တမြဲဖြင့် ကိန္နရာ ဖိုမတို့ကို ဖမ်း၍ရပြီးနောက် ဗာရာဏသီမင်းအား ဆက်သ၏။ ဤကိန္နရာတို့သည် သာယာစွာသောအသံတို့ဖြင့် သီတတ်ကတတ် ပါသည်။ လူတို့မှ ဤ သူတို့ကဲ့သို့ မတတ်နိုင်ပါ ဟု လျှောက်သော် မုဆိုးအား ဆုလာဘ်များစွာပေး၍ ကိန္နရာတို့ကို ကကုန် သီကုန်ဟု အဖန်တလဲလဲ တိုက်တွန်း၏။ ကိန္နရာတို့လည်း ငါတို့ ကကုန် သီကုန်သည် ရှိသော် မင်းကြီး နှစ်သက်သော်

ကောင်း၏။ မနှစ်သက်သော် ကဲ့ရဲ့မှုလည်း ကဲ့ရဲ့ရာ၏။ သတ်မှုလည်း သတ်ရာ၏။ စကားများစွာဆိုကလည်း မမှန်သည်များ၍ မုသားဖြစ်လတ္တံ့ဟု ကြောက်၍ တိတ်တိတ်သာ နေကြ၏။

မင်းကြီးလည်း များစွာ တိုက်တွန်းလျက် မသိ မကသောကြောင့် အမျက်ထွက်၍ နင်တို့သည် နတ်လည်းမဟုတ်၊ လူလည်းမဟုတ်၊ ဟင်းလျာအဘို့သာ မုဆိုးဆောင်ခဲ့သည်။ တခုကို ညှ တခုကို နံနက်စာ သတ်၍ ချက်လေဟု စားတော်သည်တို့အား ဆိုလျှင် ကိန္နရာမသည် မင်းကြီးကား ငါတို့အား မချွတ်သတ်လတ္တံ့။ စကားဆိုရသော် လျော်ပြီဟုနှလုံးပိုက်၍ "အရှင်မင်းကြီး မကောင်းသဖြင့် ဆိုအပ်သောစကားတသိန်းတို့သည် ကောင်းစွာဆိုအပ်သော စကာတခွန်း၏ ၁၆-စိတ်,စိတ်၍ တစိတ်လောက်မျှ အဘိုးမတန်ဟု ဥာဏ်ရှင်ဖြစ်သော သူတို့ဆိုစကားကို ကြားဘူးပါသည်။ ကျွန်ုပ်တို့ကား တောသား တောသူတို့ဘဝဖြင့် တော၌သာ ကြီးရသောအမျိုးဖြစ်၍ နန်းတော်စရိုက်ကိုမသိပါ။ မင်းနား၌ မတန်ရာသော စကားကို ဆိုမိမည်ကို ကြောက်လှသောကြောင့် တိတ်တိတ်နေပါသည်။ အာဏာတော်ကို မကြောက်၍ မဟုတ်ပါ"ဟု လျှောက်၏။

ကိန္နရာမ၏ စကားကို မင်းကြီးကြားလျှင် အလွန် သနားရကား "ဤကိန္နရာမအား တော၌လွှတ်ချေ။ ကိန္နရာဖိုကိုသာ နံနက်စာချက်လေ"ဟု ဆို၏။

ကိန္နရာဖိုလည်း ငါစကားပြောရန် အခွင့်သင့်ချေပြီ။ မပြောမှုကား ငါ့အား မချွတ်သတ်တော့မည်ဟု နှလုံးပိုက်၍ "အရှင်မင်းကြီး၊ ဤလောက၌ နွားကျွဲဟူသမျှသည်မြက်သစ်ရွက်ကိုသာ စားသောကြောင့် မြက်ကို ဖြစ်စေတတ်သော မိုးသည် နွား

အပေါင်းတို့၏ ကိုးကွယ်ရာဖြစ်သည်။ လူတို့သည် နွားနို့အရသာကို မှီ၍ အသက်မွေးရသောကြောင့် နွားသည် လူတို့၏ကိုးကွယ်ရာဖြစ်သည်။ ထိုကဲ့သို့ပင် ကျွန်ုပ်သည် ကိန္နရာမ၏ ကိုးကွယ်ရာဖြစ်ပါသည်။ ကိန္နရာမအား သနား၍ လွှတ်တော်မူလျှင် ကျွန်ုပ်ကိုလည်း သနားသင့်ပါသည်။ ကျွန်ုပ်တို့လင်မယားသည် သေမှုသာ ကွဲပါရစေ။ အသက်ရှင်လျက် မကွဲပါရစေနှင့်။ အရှင်မင်းကြီး ကိန္နရာမကိုသာဟိမဝန္တာသို့ပို့လိုမူကား ကျွန်ုပ်ကိုဦးစွာသတ်တော်မူပါ။ ကျွန်ုပ်တို့ စကားမဆိုသည်မှာ လူတို့ဝေါဟာရ၌ မကျွမ်းကျင် မလိမ္မာသော အမျိုးဖြစ်၍ စကားများခြင်း၌ အပြစ်ကိုမြင်သောကြောင့် မဆိုဝံ့ပါသတည်း”ဟု လျှောက်၏။

မင်းကြီးလည်း ထိုစကားကိုကြားလျှင် အလွန် နှစ်သက်၍ ကိန္နရာဖိုမတို့ကို ရွှေချိုင့်နှင့်နေစေလျက် မုဆိုးကိုပင်ဘမ်းယူခဲ့ရာ အရပ်သို့ ပြန်ပို့စေ၏။

အင်္ဂုတ္တိုရ်ဒုကနိပါတ် အဋ္ဌကထာတွင်လည်း သီရိဓမ္မာသောကမင်းကြီးလက်ထက် ကိန္နရာတကောင်ကို ဆက်သည်တွင် မင်းကြီးက စကား ဆိုစေ၏။ မဆိုမပြော နေသောကြောင့် လူတယောက်က ဘုရားကျွန်တော်မျိုး ထိုကိန္နရာအား စကားဆိုစေပါမည်ဟု ဝန်ခံ၏။ ဝန်ခံလျှောက်ထားပြီးသော် သစ်ငုတ်နှစ်ခုသာ စိုက်၍ ထမင်းအိုး တည်၏။ ထမင်းအိုးလည်း ဘက်မညီသောကြောင့် နံဘေးသို့ စောင်း၍ကျ၏။ ထိုသို့ အမြင်မတော်သောအခါမှ သစ်ငုတ်တခုကို ထပ်၍ မစိုက်ကောင်းသလောဟု ကိန္နရာကဆို၏။

သီရိဓမ္မာသောကမင်းကိုပင် နောက်တဖန် ကိန္နရာနှစ်ကောင် ဆက်လာပြန်သည်။ ရှေးကိန္နရာကဲ့သို့ပင် စကား မပြောဘဲနေ

သောကြောင့် ဈေးလမ်းသို့ခေါ်၍ လျှောက်ပြရာ သရက်သီး မှည့်နှင့် ငါးသားကိုမြင်လျှင်"လူတို့သည် အဆိပ်ကြီးကိုစားကုန် ၏။ ဘယ်မှာ မနာမဖျားဘဲရှိကုန်အံ့နည်း"ဟုတကောင်ကဆို၏။ တကောင်ကလည်း သီးသီးနှင့် ချဉ်သီးကိုမြင်သော် "လူတို့သည် ဘယ်မှာ မနူဘဲရှိကုန်အံ့နည်း"ဟု ရေရွတ်၏။

အထက်ပါ အကိုးအကားများကိုချင့်၍ ကိန္နရာတို့သည် လူ စကားကို တတ်သော်လည်း အခါအခွင့်ရောက်၍ အရေးအရာရှိမှ လူစကားကိုပြောကြောင်း ထင်ရှားသည်။

## ကိန္နရာပါသော ဇာတ်များ

ကိန္နရာအကြောင်းပါသော ဇာတ်များသည် ဘလ္လာ တိယ၊ စန္ဒကိန္နရ၊ တက္ကာရိယ၊ မဟာကုဏာလ၊ မဟော်ကျေးသားခန်း၊ ဝဿရသေ့ကို ပုံထုတ်ပြရာအခန်း၊ အဠာသဒ္ဒ၊ အသိတကူ၊ မဟာ ဝင်တွင် ကောဏ္ဍဘိယ၊ အပါဒါန်ကျမ်းတွင် ကျူပွင့်လူသည့် ကိန္နရာ ကုဏာလဇာတ်၊ သုဝဏ္ဏသာမဇာတ် လေးပစ်ခံရသော အခန်း၊ မွေးကျေးသော အခန်းတို့ဖြစ်သည်။

## အိန္ဒိယလက်ရာ

ပုံအမှတ်၁-ကိုကြည့်လျှင် အိန္ဒိယ ကိန္နရာကိုတွေ့နိုင်ပါသည်။ ထိုပုံမှာ အဇန္တလိုဏ်ဂူမှ ပန်းချီပုံများ ဖြစ်သည်။ အိန္ဒိယအမျိုး သားတို့ စိတ်ဓာတ်နှင့် ဓလေ့အတိုင်း ကိန္နရာကို ရုပ်လုံးဖော်ထား ခြင်းဖြစ်သည်။ ကိုယ်အထက်ပိုင်းတွင် အဆင်တန်းဆာ များဖြင့် လူပကတိအတိုင်း ဆင်ယင်ထားသည်။ အောက်ပိုင်း ပေါင်နှင့် ခြေထောက်သာ ငှက်ခြေ၊ ငှက်ပေါင်တို့ဖြစ်သည်။ အမြီးလည်း ဖောင်;ဖောင်းပွပွနှင့် ဥဒေါင်းမြီး ကဲ့သို့ ရှိသည်။ အတောင်

နှစ်ဘက်မှာလည်းပျံ့ဝဲနိုင်လောက်ပေသည်။ အဇန္တလိုဏ်ဂူတွင်း၌ ပန်းချီခြယ်ထားသောလက်ရာများမှာ သာသနာမှုနှင့် စပ်လျဉ်းသော ရှုခင်းများသာဖြစ်သည်။ ကိန္နရာတို့သည် ထုပါရုံများ၊ စက်တော်ရာများ၊ ဗောဓိပင်များသို့ ပျံသန်းသွားရောက်ပြီးလျှင် ပန်းကုံး ပုတီးကုံးများကို လှူဒါန်းပူဇော်ကြပုံများဖြစ်သည်။

### ယိုးဒယားလက်ရာ

ပုံအမှတ် ၂-သည်ယိုးဒယားကိန္နရီဖြစ်သည်။ ပုံတွင်မြင်သည့်အတိုင်းပင် အိန္ဒိယလက်ရာနှင့်မတူ ကွဲပြားကြောင်း တွေ့ရမည်။ ယိုးဒယား အမျိုးသားလက်ရာဖြစ်သည့်အတိုင်း ယိုးဒယားဆန်ပေသည်။ ယိုးဒယားပန်းခက် ပန်းနွယ်တို့ဖြင့် တင့်တယ် လှပပေသည်။ အဆင်တန်ဆာ အဝတ်အစား တို့ပင် ယိုးဒယားဟန်ဖြစ်သည်။ မျက်နှာအနေအထားပင်လျှင် ယိုးဒယားပီသသည်။

### အခြားလက်ရာများ

အခြား ဗုဒ္ဓသာသနာဝင် နိုင်ငံတို့၏ လက်ရာလည်း ရှိပေသေးသည်။ တရုတ်၊ ဂျပန်၊ ကမ္ဘောဇ (Cam bobsa) ရှမ်း၊ တိဗက်၊ မွန် စသည်ဖြင့် လက်ရာအမျိုးမျိုး ကျန်ပါသေးသည်။

မွန်ဘာသာဖြင့် ကိန္နရာကို ကောန်နှောင်ဟုခေါ်သည်။ သို့ရာတွင် ထိုလူမျိုးတို့လက်ရာကို ကျွန်တော်စုဆောင်း၍ မရသေးပါ။ ယဉ်ကျေးမှုနှင့် သုတေသန ဝါသနာထုံသူတို့ စုဆောင်းရှာဖွေသင့်ပါသည်။

### ဗမာ့လက်ရာ

ဗမာ့လက်ရာကိုမူ စာဖတ်ပရိသတ်တို့ ခရိုင်အလိုက်၊ တိုင်းအလိုက်၊ ဒေသအလိုက် တွေ့မြင်ဘူးကြပါပြီ။ ဗမာနိုင်ငံတော်

တွင် ဗုဒ္ဓသာသနာကို စတင်ကိုးကွယ်ကတည်းက ကိန္နရာလည်း ရောက်ရပေမည်။ ပျူ့အစောင်စောင်တွင် လည်း ကိန္နရာ အကြောင်းကို ဘတ်ရတွေ့ရဘူးပါသည်။ သို့ရာတွင် ဗမာ့လက်ရာမှာ ငှက်ကိန္နရာမျိုးသာဖြစ်သည်။

မြန်မာသက္ကရာဇ် ၁၁၀၅-ခုနှစ်၊ ဟံသာဝတီရောက်မင်း နန်းစံ ၁၀-နှစ်၌ အာသံတိုင်း ဂေါရခေါင်မြို့တွင် စာရေးကြီး လမ္ဗာဒရနှင့် ပညာရှိကဝိစန္ဒရပုဏ္ဏားတို့ ဗင်္ဂလီဘာသာဖြင့် ရုပ်ပုံစာတမ်းရေးသားပြုစုကြသည်။

ဘိုးတော်မင်းတရားကြီး လက်ထက်တော်တွင် ထိုရုပ်ပုံ စာတမ်းများကို အလျား၁-တောင် ၂-မိုက်ခန့်၊ အနံ ၁-ထွာခန့် ရှိသော ကရမက်သစ်ခေါက်ပုရပိုက်ပေါ်တွင် ရေး၍ ဆက်သလာသည်။

ထိုပုရပိုက်တွင် ရေးသားပါရှိသည့် ကိန္နရာရုပ်ပုံစံမှာ ငှက်သဏ္ဌာန်ရေးပြီးလျှင် လူ့ဦးခေါင်းမျက်နှာတပ်သည့် သကုဏာကိန္နရာမျိုး တပုံ၊ လူရုပ်တွင် မြင်း၏မျက်နှာကဲ့သို့ ရှည်သော မျက်နှာတပ်၍ရေးသော ကိမ္ပုရိသ ကိန္နရာမျိုးတပုံ၊ နှစ်ပုံ နှစ်မျိုးဖြစ်သည်။

ကုန်းဘောင်ခေတ် နန်းစဉ်တလျှောက်လုံးတွင် ကိန္နရာနှစ်မျိုး နှစ်စားကိုသိသော်လည်း ဗမာသဘော ဗမာ့မျက်စေ့နှင့် ရှုပျော်သည့် ငှက်ကိန္နရာကိုသာ အသုံးများခဲ့ပေသည်။

ကျမ်းဟောင်း ကျမ်းကြီးများတွင် ကိန္နရာအကြောင်းကို အချိုးမျိုးဘတ်ရသော်လည်း ဗမာနိုင်ငံတော်သို့ဟိမဝန္တာမှကိန္နရာ ပျံရောက်လာဘူးကြောင်းကို မတွေ့ရပါ။ဗမာ့သမိုင်းတလျှောက်လုံးတွင် ငါးထပ်ကြီးဒါယကာ မင်းတရားလက်ထက် အနောက်သလ္လာဝတီမြစ်တွင် မျောချရသည့် ကိန္နရာတောင်ကို ဆက်ရောက်လာဘူးကြောင်းကိုသာ ဟံသာဝတီရောက် မင်းတရား စာတမ်းတွင် တွေ့ရသည်။ ထိုကိုရည်၍ လက်ဝဲ သုန္ဒရ အမတ်ကြီးသည် ဝိနိစ္ဆယပကာသနီ ဓမ္မသတ်လင်္ကာနိဂုံးတွင် 'နတ်ကိန္နရာ၊ဟေဝန္တာက၊ ချိန်ခါရေဦး၊ မျောလာဘူးဟု၊ ချီးကျူးကြည်ာ၊ ထင်ရှားစွာသား၊ သလ္လာဝတီ၊ ရေသီတာလျှမ်း၊ ထိုမြစ်ကမ်းမှ'ဟု စပ်ဆိုထားသည်။